


# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

(Agriculture Market Bulletin)
Market Information System

စိုက်ပျိုးရေးဦးစီးဌာန

တိကျမြန်ဆန် ဈေးကွက်သတင်းမှန် တောင်သူများအတွက် ဖြန့်ဝေရန်
စိတ်ချအားထား ဈေးနှုန်းများ တောင်သူများအား ဖြန့်ဝေသွား

15th June, 2022

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm/mis/, doamisppme@gmail.com, + ၉၅ ၆၇ ၃၄၁၀၅၃၈ )

ပါဝင်သောအကြောင်းအရာများ

❖ လယ်ယာ/သားငါးထွက်ကုန်များ နှင့် သွင်းအားစုများ ဈေးကွက်အခြေအနေ

- ➢ နှံစားသီးနှံ
- ➢ ဆီထွက်သီးနှံ
- ➢ ပဲမျိုးစုံ
- ➢ စက်မှုကုန်ကြမ်းသီးနှံ
- ➢ စားဖိုဆောင်သီးနှံ
- ➢ အသား/ငါးနှင့်ဥအမျိုးမျိုး
- ➢ ဆန်နှင့်စားသုံးဆီဈေးနှုန်းများ
- ➢ သွင်းအားစုဈေးနှုန်းများ
- ➢ ပဲမျိုးစုံတင်ပို့မှုအခြေအနေ

## ဈေးကွက်သတင်းအချက်အလက်များ

- ❖ ပေါ်ဆန်းနှင့် မနောသုခစပါးဈေးနှုန်းများ အတက်အကျ အနည်းငယ် ပြောင်းလဲမှုရှိ
- ❖ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနက်၊ မြေပဲနှင့် နေကြာ ဈေးနှုန်းများ အနည်းငယ်မြင့်တက်လျက်ရှိ
- ❖ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံနှင့် ကုလားပဲစသည့် ပြည်ပတင်ပို့သည့် ပဲမျိုးစုံများမှ မတ်ပဲနှင့်ပဲတီစိမ်း ဈေးနှုန်းများ မြင့်တက်လာပြီး ပဲစဉ်းငုံနှင့် ကုလားပဲဈေးနှုန်းများတည်ငြိမ်လျက်ရှိ
- ❖ ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းနှင့် ချက်ကြံတစ်တန် ဈေးနှုန်းအခြေအနေ
- ❖ ရော်ဘာတစ်ပေါင်ဈေးနှုန်းအခြေအနေ
- ❖ ကြက်သွန်နီဈေးနှုန်း မြင့်တက်လာပြီး ကြက်သွန်ဖြူဈေးနှုန်း အနည်းငယ်လျော့ကျလာ
- ❖ ငရုတ်အစိုနှင့်ငရုတ်အခြောက်ဈေး နှုန်းများ အနည်းငယ်မြင့်တက်လာ
- ❖ ခရမ်းချဉ်ဈေးနှုန်း ဈေးကွက်အားလုံးတွင် မြင့်တက်လျက်ရှိလာခြင်း
- ❖ မွေးမြူရေးဆိုင်ရာ အသား၊ ဥအမျိုးမျိုးနှင့် ငါး/ ပုဇွန်/ ဂဏန်းအမျိုးမျိုးတို့၏ ဈေးနှုန်းအခြေအနေ

စာမျက်နှာ ၂ မှ ၄

စိုက်ပျိုးရေးဆိုင်ရာနိုင်ငံတကာသတင်းများ

## ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ တရုတ်နယ်စပ် ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်ပြီးနောက် ပဲတီစိမ်း ဈေးနှုန်းများ မြင့်တက်လျက်ရှိခြင်း
- ❖ ပြည်တွင်းပြည်ပ ဝယ်လိုအားကြောင့် ဆန်ကွဲဈေးနှုန်း မြင့်တက်လျက်ရှိခြင်း
- ❖ သကြားတစ်ပိဿာလျှင် (၂,၂၀၀)ကျပ်နှုန်းဖြင့် စံချိန်တင်မြင့်တက်ခဲ့ခြင်း
- ❖ မြန်မာ့ စိန်တလုံး သရက်သီးကို စင်ကာပူနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းဖြင့် တင်ပို့လျက်ရှိခြင်း
- ❖ အိန္ဒိယအစိုးရသည် ပြည်ပတင်ပို့မှုများကို ကန့်သတ် ပိတ်ပင်ပြီးနောက်ပိုင်း ဂျုံတင်ပို့မှုကို ပမာဏအနည်းငယ်သာ ခွင့်ပြု
- ❖ ဈေးကွက်မတည်ငြိမ်မှုကြောင့် ဝါဈေးနှုန်းများကျဆင်း
- ❖ အင်ဒိုနီးရှားနိုင်ငံမှလွဲ၍ အခြားနိုင်ငံများမှ တင်သွင်းသောစားအုန်းဆီအပေါ် တွင် ထပ်တိုးအကောက်ခွန် (၂) ရာခိုင်နှုန်းကိုဖယ်ရှားခြင်း
- ❖ ကမ္ဘောဒီးယားနိုင်ငံ Battambang ဒေသထွက် ဒူးရင်းသီးများကို တရုတ်နိုင်ငံမှ စိတ်ဝင်စားမှုရှိနေခြင်း

စာမျက်နှာ ၅ မှ ၈

- ♣ ဆန်နှင့် စားသုံးဆီဈေးနှုန်းများ
- ♣ စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ
- ♣ မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

စာမျက်နှာ ၈ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နှံစားသီးနှံ







### ပေါ်ဆန်းမွှေးနှင့် မနေသုခစပါး

- ဇွန်လပထမ(၁၅)ရက်အတွင်း ပေါ်ဆန်းစပါးဈေးနှုန်းမှာ ပျမ်းမျှတစ်တင်းလျှင်(၁၃၂၈၉)ကျပ် ရှိနေပြီး တစ်တင်း ဈေးနှုန်း (၁၅၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပါသည်။ မေလဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ရခိုင်ဈေးကွက်တွင်သာ တစ်တင်းလျှင် ၁၆၀၀ကျပ် (၁၆%)ခန့် ဈေးနှုန်း အနည်းငယ်မြင့်တက်လာပြီး အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၅၀၀ကျပ်မှ ၂၀၀၀ ကျပ် (၃% မှ ၁၂%)ခန့် ဈေးနှုန်းလျော့ကျလျက်ရှိသည်ကို တွေ့ရှိရပါသည်။
- ဇွန်လပထမ(၁၅)ရက်အတွင်း မနေသုခစပါး ပျမ်းမျှ တစ်တင်းဈေးနှုန်းမှာ (၈၆၉၅)ကျပ် ရှိနေပြီး တစ်တင်း လျှင် (၉၈၀၀၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံး ဖြစ်နေပါသည်။ မေလဒုတိယ(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက စစ်ကိုင်း၊ မွန်နှင့် ရခိုင်ဈေးကွက်တို့၌ တစ်တင်းလျှင် (၉%)၊ (၂.၈%)နှင့် (၂.၅%)ခန့် အသီးသီး ဈေးနှုန်း အနည်းငယ် လျော့ကျခဲ့သော်လည်း အချို့ဈေးကွက်များ ၌ တစ်တင်းလျှင် ၅၀၀ကျပ်မှ ၇၀၀ကျပ်(၅.၅% မှ ၈.၈%) ခန့်အတွင်း ဈေးနှုန်းမြင့်တက်ကာ အချို့ဈေးကွက်များ၌ ဈေးနှုန်း ပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။
- ဇွန်လပထမ(၁၅)ရက်အတွင်း စပါးဈေးနှုန်းအခြေအနေ မှာအနည်းငယ်သာပြောင်းလဲမှုရှိပြီးအရောင်းအဝယ်အေး နေခြင်းကြောင့် စပါးဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိ ကြောင်း သိရှိရပါသည်။

### အစေ့ထုတ်ပြောင်း




- ဇွန်လပထမ(၁၅)ရက်၌ ဈေးကွက်အတွင်း အစေ့ထုတ် ပြောင်း၏ ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၁၅၂၁၉)ကျပ်ရှိ နေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၁၇၇၅၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်း နှင့်နှိုင်းယှဉ်ပါက မန္တလေး၊ ကချင်၊ ကရင်၊ ရှမ်းနှင့် ပဲခူး ဒေသတို့၌ တစ်တင်းလျှင် ၈၀၀ကျပ်မှ ၄၀၀၀ကျပ် (၅% မှ ၃၇%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး နေပြည်တော် နှင့် စစ်ကိုင်းဈေးကွက်တို့၌ တစ်တင်းလျှင် (၅%) ခန့် ဈေး နှုန်း လျော့ကျကာ မကွေးဈေးကွက်၌ ဈေးနှုန်း ပြောင်း လဲမှုမရှိခဲ့ပါ။ အစေ့ထုတ်ပြောင်း ဈေးနှုန်း အခြေအနေ မှာ ထိုင်းနိုင်ငံသို့ ယခုနှစ် ဩဂုတ်လကုန်အထိ အခွန် ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ရှိနေပြီး တရုတ်သို့ တင်ပို့ မှုလည်းရှိနေရာ ပုံမှန်အရောင်းအဝယ်ဖြင့်ပင် ဈေးနှုန်း အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။

# ဆီထွက်သီးနှံဈေးနှုန်းများ

## နှမ်း၊ မြေပဲ၊ နေကြာ

- ဇွန်လပထမ(၁၅)ရက်၌ ဈေးကွက်အတွင်း နှမ်းနက် ပျမ်းမျှတစ်တင်းဈေးနှုန်းမှာ (၆၁၂၀၀)ကျပ်ရှိနေပြီး ဈေး နှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၇၂၀၀၀) ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့် ပါကဈေးကွက်အများစုတွင် တစ်တင်းလျှင် ၅၀၀၀ကျပ် မှ ၈၀၀၀ကျပ် (၈% မှ ၁၃%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စစ်ကိုင်းနှင့် နေပြည်တော်ဈေးကွက်များတွင် တစ်တင်း လျှင် ၇၀၀၀ကျပ်မှ ၁၂၀၀၀ကျပ် (၁၀% မှ ၁၈%) ခန့် ဈေးနှုန်း လျော့ကျလျက်ရှိပြီး အချို့ဈေးကွက်များ၌ ဈေး နှုန်း ပြောင်းလဲမှုမတွေ့ရှိရပါ။
- ဇွန်လပထမ(၁၅)ရက်အတွင်း မြေပဲ(အခွံပါ) ပျမ်းမျှ တစ် တင်းဈေးနှုန်းမှာ (၁၉၉၄၀)ကျပ်ရှိနေပြီး တစ်တင်းလျှင် (၂၅၀၀၀)ကျပ်ဖြင့် ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံး ဖြစ်နေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ် ပါက ကရင်၊ ရခိုင်နှင့် ပဲခူး ဈေးကွက်များ၌ တစ်တင်း လျှင် ၅၀၀ကျပ်မှ ၃၀၀၀ကျပ် (၃% မှ ၁၂%)ခန့် ဈေးနှုန်း ကျဆင်းသွားပြီး ကချင်နှင့် စစ်ကိုင်းဈေးကွက်တို့၌ တစ် တင်းလျှင် ၄၀၀၀ကျပ် (၂၀%) ခန့် မြင့်တက်ခဲ့ပါသည်။
- ဇွန်လပထမ(၁၅)ရက်အတွင်း နေကြာတစ်တင်း ပျမ်းမျှ ဈေးနှုန်းအနေဖြင့် (၂၇၅၈၃)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့် ဆုံးအနေဖြင့် တစ်တင်းလျှင်(၃၁၅၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက မန္တလေးဈေး ကွက်၌သာ တစ်တင်းလျှင် ၁၀၀၀ကျပ်(၃.၆%)ခန့် ဈေး နှုန်းမြင့်တက်လာပြီး စစ်ကိုင်း၊ နေပြည်တော် နှင့် ပဲခူး ဈေးကွက်များ၌ တစ်တင်းလျှင် ၅၀၀ကျပ် မှ ၂၅၀၀ ကျပ် (၂% မှ ၇%)ခန့် ဈေးနှုန်းများ လျော့ကျခဲ့သည်ကို တွေ့ရှိ ရပါသည်။




| ဈေးကွက်အမည် | မြေပဲ(အခွံပါ)ဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မေလ ဒုတိယ (၁၅)ရက် | ဇွန်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀၀ | ၂၅၀၀၀ | ၀ |
| ရန်ကုန် | ၂၂၄၀၀ | ၂၂၄၀၀ | ၀ |
| မန္တလေး | ၁၉၀၀၀ | ၁၉၅၀၀ | (+)၂.၆၃ |
| မကွေး | ၁၆၀၀၀ | ၁၆၀၀၀ | ၀ |
| ပဲခူး | ၂၅၀၀၀ | ၂၂၀၀၀ | (-)၁၂.၀၀ |
| စစ်ကိုင်း | ၁၇၀၀၀ | ၂၁၀၀၀ | (+)၂၃.၅၃ |
| ကချင် | ၂၀၀၀၀ | ၂၄၀၀၀ | (+)၂၀.၀၀ |
| ကရင် | ၁၆၀၀၀ | ၁၅၅၀၀ | (-)၃.၁၃ |
| ရခိုင် | ၁၉၀၀၀ | ၁၈၀၀၀ | (-)၅.၂၆ |
| ရှမ်း | ၁၆၀၀၀ | ၁၆၀၀၀ | ၀ |



# ပဲမျိုးစုံ ဈေးကွက်




## မတ်ပဲ

| | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | မေလ ဒုတိယ (၁၅)ရက် | ဇွန်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၂၀၀၀ | ၄၇၀၀၀ | (-)၉.၆၂ |
| ရန်ကုန် | ၅၉၀၀၀ | ၆၂၀၀၀ | (+)၅.၀၈ |
| မန္တလေး | ၄၇၆၀၀ | ၄၈၀၀၀ | (+)၀.၈၄ |
| မကွေး | ၄၅၀၀၀ | ၄၅၀၀၀ | ၀ |
| ပဲခူး | ၄၅၀၀၀ | ၅၀၅၀၀ | (+)၁၂.၂၂ |
| စစ်ကိုင်း | ၄၇၀၀၀ | ၄၁၅၀၀ | (-)၁၁.၇၀ |
| ဧရာဝတီ | ၄၆၀၀၀ | ၄၆၀၀၀ | ၀ |
| တနင်္သာရီ | ၄၁၀၀၀ | ၄၁၀၀၀ | ၀ |
| ကချင် | ၄၅၀၀၀ | ၄၀၀၀၀ | (-)၁၁.၁၁ |
| ကရင် | ၃၅၀၀၀ | ၃၆၀၀၀ | (+)၂.၉ |
| မွန် | ၄၉၀၀၀ | ၄၇၅၀၀ | (-)၃.၀၆ |
| ရခိုင် | ၄၀၀၀၀ | ၄၆၅၀၀ | (+)၁၆.၂၅ |

## ပဲတီစိမ်း၊ မတ်ပဲ၊ ပဲစဉ်းငုံ

- ဇွန်လပထမ(၁၅)ရက်အတွင်း ပဲတီစိမ်းတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၈၃၁၃)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၀၀၀၀)ကျပ် ရှိနေပါသည်။ မေလဒုတိယ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက အချို့ဈေးကွက်များ၌ တစ်တင်းလျှင် ၅၀၀ကျပ် မှ ၂၄၀၀ကျပ် (၁%မှ ၅%)ခန့်သာ ဈေးနှုန်း လျော့ကျခဲ့ပြီး အချို့ဈေးကွက်များတွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၉၀၀၀ကျပ် (၂%မှ ၂၂%) ခန့် အတွင်း ဈေးနှုန်းမြင့်တက်လာပြီး ကျန်ဈေးကွက် အချို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိနေပါသည်။
- ဇွန်လပထမ(၁၅)ရက်အတွင်း မတ်ပဲတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၅၉၁၇)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၂၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၅၀၀ကျပ်မှ ၅၅၀၀ကျပ် (၃%မှ ၁၂%)ခန့်အတွင်း ဈေးနှုန်းလျော့ကျလျက်ရှိပြီး ဈေးကွက်အချို့၌ တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၆၅၀၀ ကျပ်(၅%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပါသည်။
- ဇွန်လပထမ(၁၅)ရက်အတွင်း ပဲစဉ်းငုံတစ်တင်းပျမ်းမျှဈေးနှုန်းမှာ (၄၂၄၇၈)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၄၉၀၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်နှင့် နှိုင်းယှဉ်လျှင် ကရင်ပြည်နယ် တနင်္သာရီတို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်(၂.၇%)နှင့် ၃၀၀၀ ကျပ်(၇%)ခန့် အသီးသီးဈေးနှုန်းမြင့်တက်လာသော်လည်း ဈေးကွက်အများစုတွင် တစ်တင်းလျှင် ၇၀၀ကျပ် မှ ၅၀၀၀ကျပ် (၁.၆%မှ ၁၁%)ခန့်အတွင်း ဈေးနှုန်းအနည်းငယ် လျော့ကျနေပြီး ဈေးကွက်အချို့တွင် ဈေးနှုန်းတည်ငြိမ်လျက်ရှိပါသည်။

## ပဲစဉ်းငုံ




## ကုလားပဲ

- မေလဒုတိယ(၁၅)ရက်အတွင်း ကုလားပဲတစ်တင်း ပျမ်းမျှဈေးနှုန်းမှာ (၅၀၇၅၀)ကျပ်ဖြစ်ပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်တင်းလျှင် (၆၃၀၀၀)ကျပ်ရှိနေပါသည်။ မေလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက မကွေးနှင့် မွန်ပြည်နယ်ဈေးကွက်တို့၌ တစ်တင်းလျှင် ၁၀၀၀ကျပ် (၂%)ခန့်ဈေးနှုန်းလျော့ကျခဲ့သော်လည်း ဈေးကွက်အချို့တွင် တစ်တင်းလျှင် ၁၀၀၀ကျပ်မှ ၇၀၀၀ကျပ် (၁%မှ ၁၆%)ခန့်အတွင်း ဈေးနှုန်းမြင့်တက်ကာ အချို့ဈေးကွက်များတွင် ဈေးနှုန်းပြောင်းလဲမှုမရှိခဲ့ပါ။




- ဇွန်လပထမ(၁၅)ရက်အတွင်း ကုလားပဲဈေးနှုန်းသည် ယခင်(၁၅)ရက်နှင့် နှိုင်းယှဉ်ပါက ဈေးကွက်အချို့တွင် ၁၀၀၀ ကျပ် မှ ၃၅၀၀ ကျပ် (၁.၅% မှ ၈%) ခန့်သာမြင့်တက်လျက်ရှိပြီး နေပြည်တော်၊ စစ်ကိုင်းနှင့် ရခိုင်ပြည်နယ်ဈေးကွက်တို့တွင် ၃၀၀၀ ကျပ် မှ ၇၀၀၀ ကျပ်(၆% မှ ၁၄%)ခန့် လျော့ကျလျက်ရှိကာ အချို့ဈေးကွက်အနည်းငယ်တွင် တည်ငြိမ်လျက်ရှိပါသည်။ မေလကုန်ပိုင်းတွင် အရောင်းအဝယ် ကောင်းခဲ့ခြင်းကြောင့် ပြည်ပတင်ပို့ လျက်ရှိသည့် ပဲမျိုးစုံဈေးနှုန်းများ ပြောင်းလဲမှုဖြစ်ပေါ်ခဲ့သော်လည်း ယခုဇွန်လပထမ(၁၅)ရက်တွင် ယခင် မေလကုန် ဈေးနှုန်းအတိုင်းသာ တည်ငြိမ်လျက်ရှိပြီး အတက်အကျ အနည်းငယ်သာရှိကြောင်း သိရှိရပါသည်။

# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- ဇွန်လပထမ(၁၅)ရက်အတွင်း ဝါ(ချည်မျှင်ရှည်) တစ်ပိဿာဈေးနှုန်းမှာ (၂၃၅၀)ကျပ်ဖြင့် ဈေးနှုန်းအမြင့်ဆုံးဖြစ်နေပြီး တစ်ပိဿာပျမ်းမျှဈေးနှုန်းသည် (၂၂၃၃)ကျပ်ရှိနေပါသည်။ မေလပထမ(၁၅)ရက်နှင့်နှိုင်းယှဉ်ပါက ဝါတစ်ပိဿာဈေးနှုန်းသည် နေပြည်တော်နှင့် မန္တလေးဒေသတွင် (၃၀၀)ကျပ်ခန့် ဈေးနှုန်းမြင့်တက်လာပါသည်။ ဈေးကွက်အတွင်း ဈေးနှုန်းအမြင့်ဆုံးနှင့် အနိမ့်ဆုံးကွာခြားမှုအခြေအနေမှာ တစ်ပိဿာလျှင် (၂၅၀) ကျပ် ဖြစ်ပါသည်။

## ချက်ကြံ

- ဇွန်လပထမ(၁၅)ရက်အတွင်း ချက်ကြံတစ်တန်ပျမ်းမျှဈေးနှုန်းသည် (၅၅၉၃၈)ကျပ်ရှိနေပြီး ဈေးနှုန်း အမြင့်ဆုံးနှင့် အနိမ့်ဆုံးကွာခြားမှုမှာ (၂၇၀၀၀)ကျပ် ဖြစ်ပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ပဲခူးဒေသ၌သာ တစ်တန်လျှင်(၂၅၀၀)ကျပ်ဈေးနှုန်းကျဆင်းခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ ကရင်နှင့် ရှမ်းဈေးကွက်တို့၌ တစ်တန်လျှင် (၂၀၀၀)ကျပ် မှ (၂၁၀၀၀)ကျပ် အတွင်း ဈေးနှုန်းမြင့်တက်လျက်ရှိပြီး ကျန်ဒေသများတွင် ချက်ကြံဈေးနှုန်း ပြောင်းလဲမှုမရှိခဲ့ပါ။




## ရော်ဘာ

### မေလဒုတိယ(၁၅)ရက်အတွင်း RSS-3 ရော်ဘာ တစ်ပေါင်ဈေးနှုန်း ပြောင်းလဲမှုအခြေအနေ

| ဈေးကွက်အမည် | ရော်ဘာဈေးနှုန်း (ကျပ်/ပေါင်) | | |
|---|---|---|---|
| | မေလ ဒုတိယ (၁၅)ရက် | ဇွန်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| မွန် | ၁၀၄၁ | ၁၁၀၇ | (+)၆.၃၄ |
| ကရင် | ၁၀၄၁ | ၁၀၇၅ | (+)၃.၂၇ |
| တနင်္သာရီ | ၁၁၁၁ | ၁၂၀၀ | (+)၈.၀၁ |

Source: Perennial Crops Division, DoA

# စားဖိုဆောင်သီးနှံ

## ကြက်သွန်နီ




❖ ဇွန်လပထမ(၁၅)ရက်အတွင်း ကြက်သွန်နီ တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၁၉၄၆)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင်(၂၅၀၀)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက် အားလုံးတွင် တစ်ပိဿာလျှင်၃၀၀ကျပ် မှ ၁၃၀၀ ကျပ် (၂၀% မှ ၁၁၄%)ထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။ ကြက်သွန်နီသို လှောင်ထားရှိမှုလက်ကျန်နှင့် ဈေးကွက်ဝယ်လိုအားပေါ် မူတည်ပြီး အချို့ဈေးကွက်များတွင် ဈေးနှုန်းနှစ်ဆခန့်မြင့်တက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | မေလ ဒုတိယ (၁၅)ရက် | ဇွန်လ ပထမ (၁၅)ရက် | ခြားနားချက်(%) |
| နေပြည်တော် | ၅၃၀၀ | ၅၀၀၀ | (-)၅.၆၆ |
| ရန်ကုန် | ၅၀၀၀ | ၅၀၀၀ | ၀ |
| မန္တလေး | ၃၃၀၀ | ၃၅၀၀ | (+) ၆.၀၆ |
| မကွေး | ၃၅၀၀ | ၃၅၀၀ | ၀ |
| ပဲခူး | ၆၀၀၀ | ၅၅၀၀ | (-)၈.၃၃ |
| စစ်ကိုင်း | ၅၅၀၀ | ၃၇၅၀ | (-)၃၁.၈၂ |
| ဧရာဝတီ | ၃၅၀၀ | ၃၅၀၀ | ၀ |
| တနင်္သာရီ | ၄၈၀၀ | ၇၀၀၀ | (+)၄၅.၈၃ |
| ကချင် | ၆၀၀၀ | ၄၀၀၀ | (-) ၃၃.၃၃ |
| ကရင် | ၅၀၀၀ | ၅၀၀၀ | ၀ |
| မွန် | ၅၇၀၀ | ၅၁၀၀ | (-)၁၀.၅၃ |
| ရခိုင် | ၈၀၀၀ | ၅၂၀၀ | (-)၃၅.၀၀ |
| ရှမ်း | ၄၀၀၀ | ၄၀၀၀ | ၀ |

• ဇွန်လပထမ(၁၅)ရက်အတွင်း ကြက်သွန်ဖြူ ပျမ်းမျှ တစ်ပိဿာဈေးနှုန်းမှာ (၄၆၁၉)ကျပ် ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက မန္တလေးနှင့် တနင်္သာရီ ဈေးကွက်တို့၌ တစ်ပိဿာလျှင် ၂၀၀ ကျပ် မှ ၂၂၀၀ ကျပ် (၆%မှ ၄၆%)ခန့် ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း ကျန်ဈေးကွက်အများစုတို့တွင် တစ်ပိဿာ ၃၀၀ ကျပ်မှ ၂၈၀၀ကျပ် (၆% မှ ၃၅%)အတွင်း ဈေးနှုန်းလျော့ကျပြီး အချို့ဈေးကွက်တို့တွင် ဈေးနှုန်း တည်ငြိမ်လျက်ရှိနေပါသည်။

## ခရမ်းချဉ်




• ဇွန်လပထမ (၁၅) ရက်အတွင်း ခရမ်းချဉ်တစ်ပိဿာ ပျမ်းမျှဈေးနှုန်းမှာ (၁၆၇၃)ကျပ်အထိ မြင့်တက်လာပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် တစ်ပိဿာလျှင် (၂၅၀၀) ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက်အားလုံးတွင် တစ်ပိဿာလျှင် ၁၀၀ ကျပ် မှ ၁၅၀၀ကျပ် (၁၁% မှ ၁၅၀%)ခန့် အတွင်း ဈေးနှုန်း မြင့်တက်လာနေကြောင်းသိရှိရပါသည်။

## ငရုတ်(အစို)




• ဇွန်လပထမ(၁၅)ရက်၌ ငရုတ်(အစို)ပျမ်းမျှ တစ်ပိဿာ ဈေးနှုန်းမှာ (၃၀၀၈)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံး အနေဖြင့် တစ်ပိဿာလျှင် (၄၅၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက် ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးကွက် အချို့၌ တစ်ပိဿာလျှင် ကျပ်၁၀၀မှ ၁၀၀၀ကျပ် (၆% မှ ၂၅%)ခန့် ဈေးနှုန်း ကျဆင်းခဲ့ပါသည်။ တနင်္သာရီ၊ နေပြည်တော်နှင့်မန္တလေး တို့၌ တစ်ပိဿာလျှင်(၅၀၀)ကျပ်ခန့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ကျန်ဈေးကွက်များတွင် ဈေးနှုန်း ပြောင်းလဲမှုမရှိသည်ကို တွေ့ရှိရပါသည်။

## ငရုတ်(အခြောက်)

• ဇွန်လပထမ(၁၅)ရက်အတွင်း ငရုတ်(အခြောက်) ပျမ်းမျှတစ်ပိဿာဈေးနှုန်းမှာ (၇၇၄၅)ကျပ်ရှိနေပြီး ဈေးနှုန်းအမြင့်ဆုံးအနေဖြင့် (၁၂၀၀၀)ကျပ်ရှိနေပါသည်။ ယခင်(၁၅)ရက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက နေပြည်တော်နှင့် ရန်ကုန် ဈေးကွက်တို့၌ တစ်ပိဿာလျှင် ၂၀၀၀ ကျပ် (၂၀%) ထိအမြင့်ဆုံး ဈေးနှုန်း မြင့်တက်ခဲ့ပြီး ဈေးကွက်အချို့တွင် တစ်ပိဿာလျှင် ၄၀၀ကျပ် မှ ၃၃၀၀ ကျပ် (၃% မှ ၆.၆%) ခန့်သာအနည်းငယ် ဈေးနှုန်းမြင့် တက်ခဲ့ပါသည်။ အချို့ဈေးကွက်အနည်းငယ်၌ တစ် ပိဿာလျှင် ၄၀၀ကျပ်မှ ၁၅၀၀ကျပ် ဈေးနှုန်း ကျဆင်း သွားသည်ကို တွေ့ရှိရပါသည်။




# အသား/ ငါးနှင့် ဥအမျိုးမျိုး

### ၂၀၂၂ ခုနှစ်၊ ဇွန်လပထမ(၁၅)ရက်အတွင်း ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးကွက်ပေါက်ဈေး(ကျပ်/ယူနစ်) | | | |
|---|---|---|---|---|---|
| | | နေပြည်တော် | ရန်ကုန် | မန္တလေး | ရခိုင် |
| **ငါးအမျိုးမျိုး** | | | | | |
| ငါးသလောက် | ပိဿာ | ၁၈၀၀၀ | ၄၀၀၀၀ | ၂၂၀၀၀ | ၁၅၀၀၀ |
| ငါးကြင်း(ဖြူ) | ॥ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | - |
| ငါးကြင်း(နီ) | ॥ | ၉၀၀၀ | ၅၀၀၀ | ၄၀၀၀ | - |
| ငါးမြင်း | ॥ | ၇၀၀၀ | - | - | - |
| ငါးတန် | ॥ | ၉၀၀၀ | ၈၀၀၀ | ၃၅၀၀ | ၁၃၀၀၀ |
| ငါးခူ | ॥ | ၁၃၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၄၀၀၀ |
| ငါးကျည်း | ॥ | ၁၅၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | - |
| ငါးရံ့ | ॥ | ၁၂၀၀၀ | ၁၃၀၀၀ | - | ၁၀၀၀၀ |
| ကကတစ် | ॥ | ၂၀၀၀၀ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| တီလားပီးယား | ॥ | ၅၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၇၀၀၀ |
| ပြည်ကြီးငါး | ॥ | ၃၂၀၀၀ | ၃၀၀၀၀ | - | ၁၀၀၀၀ |
| ကင်းမွန် | ॥ | ၁၅၀၀၀ | ၂၀၀၀၀ | - | ၁၀၀၀၀ |
| **ပုဇွန်အမျိုးမျိုး** | | | | | |
| ပုစွန်ထုပ်ကြီး | ॥ | ၃၅၀၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၄၀၀၀၀ |
| ပုစွန်ဂျော့ | ॥ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ |
| ပုစွန်ဆိတ် | ॥ | ၇၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၉၀၀၀ |
| **ကဏန်းအမျိုးမျိုး** | | | | | |
| ကဏန်းပျော့ | ॥ | ၁၆၀၀၀ | - | ၁၁၀၀၀ | ၂၂၀၀၀ |
| ကဏန်းမာ | ॥ | ၈၀၀၀ | ၁၅၀၀၀ | ၈၅၀၀ | ၉၀၀၀ |
| **အသားအမျိုးမျိုး** | | | | | |
| ကြက်(စီပီ) | ပိဿာ | ၁၃၀၀၀ | ၈၀၀၀ | ၉၅၀၀ | ၆၅၀၀ |
| ကြက်(ဒေသ) | ॥ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ဘဲ | ॥ | ၁၃၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၄၀၀၀ |
| ဝက် | ॥ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ |
| အမဲ | ॥ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၄၅၀၀ | ၁၈၀၀၀ |
| ဆိတ် | ॥ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| **ဥအမျိုးမျိုး** | | | | | |
| ကြက်ဥ | လုံး | ၁၈၀ | ၂၀၀ | ၁၈၀ | ၂၅၀ |
| ဘဲဥ | ॥ | ၁၉၀ | ၂၅၀ | ၂၀၀ | ၂၅၀ |
| ငုံးဥ | ॥ | ၃၀ | ၃၀ | ၃၀ | ၅၀ |

Source: ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

# ပြည်တွင်း ပြည်ပ လယ်ယာသတင်းများ

## ပြည်တွင်းသတင်းများ

### တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်ပြီးနောက် ပဲတီစိမ်း ဈေးနှုန်းများ မြင့်တက်လျက်ရှိခြင်း

- တရုတ်ကုန်သွယ်ရေးနယ်စပ်စခန်းများ ပြန်လည် စတင်ပြီးနောက် ပဲတီစိမ်းဈေးကွက်တွင် ဈေးနှုန်းများမြင့်တက်လာကြောင်း (၃၀.၅.၂၀၂၂)ရက်နေ့ သတင်းများအရ သိရှိရပါသည်။ ထို့အပြင် ယခုရိတ်သိမ်းပြီးခါစ ပဲတီစိမ်းများသည် ဈေးကွက်အတွင်းသို့ ဝင်ရောက်နေပြီဖြစ်ပြီး မန္တလေးဈေးကွက်တွင် ပဲတီစိမ်းအရည်အသွေးပေါ်မူတည်၍ တစ်အိတ်လျှင် (၁၄၀,၀၀၀)ကျပ် မှ (၁၅၂,၀၀၀) ကျပ်ထိ ရောင်းချရလျက်ရှိကြောင်း၊
- မင်းဘူးမြို့ ကုန်စည်ဒိုင်၊ဦးတင်မောင်ထွန်း (အမှတ်-၃ ကုန်စည်ဒိုင်ပိုင်ရှင်) မှ ရိတ်သိမ်းပြီးခါစ ပဲတီစိမ်း (၁၉) ပိဿာဝင် အိတ်တစ်အိတ်လျှင် (၁ ပိဿာ = ၁.၆ ကီလိုဂရမ်) (၄၈,၀၀၀) ကျပ်အထိရရှိကြောင်း၊
- ကမ္ဘာ့စားသုံးဆီတင်ပို့မှု ကျဆင်းနေချိန်တွင် ပြည်တွင်းစားသုံးဆီဈေးနှုန်းအပေါ် သက်ရောက်မှုများ သက်သာစေရန် ကုန်သည်များအနေဖြင့် ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံနှင့် စားသုံးဆီတင်ပို့မှုလိုင်စင်များ တောင်းခံရန်လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၇/၂၀၂၂၊ မေလ ၂၃ ရက်နေ့မှ ထုတ်ပြန်ထားကြောင်း၊၎င်းသတိပေးချက်သည်၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက် နေ့မှစ၍ အကျုံးဝင်မည်ဖြစ်ပြီး ကုန်သည်များသည် ထိုကုန်ပစ္စည်းများအတွက် မည်သည့်ကုန်သွယ်မှုကိုမဆို တင်ပို့ခွင့်လိုင်စင် တောင်းခံရမည်ဖြစ်ကြောင်း၊
- မြန်မာနိုင်ငံမှ ပဲတီစိမ်း(၆၀)ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံသည် ပဲတီစိမ်း (ရွှေဝါ)အမျိုးအစားကို နှစ်သက်ကြောင်းနှင့် ပဲတီစိမ်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး နိုင်ငံခြားဈေးကွက်သို့ တင်ပို့လျက်ရှိပါကြောင်း၊ ထို့အပြင် ပဲအမျိုးမျိုးမှ ထွက်ကုန်များကို တိရစ္ဆာန်စာအဖြစ် ထုတ်လုပ်လျက်ရှိပါကြောင်း၊
- မြန်မာနိုင်ငံသည် လက်ရှိဘဏ္ဍာရေးနှစ် (၂၀၂၂-၂၀၂၃) ခုနှစ် ဧပြီလ(၁)ရက်နေ့မှ မေလ(၂၀)ရက်နေ့အတွင်း နိုင်ငံခြားကုန်သွယ်မှုမိတ်ဖက်များသို့ပဲတီစိမ်း(၁၂၅,၈၇၇ တန်ကျော်တန်ဖိုးရှိ ကန်ဒေါ်လာ (၉၇.၉)သန်းကျော်တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုအချက်အလက်များအရ သိရှိရကြောင်း (၃၀.၅.၂၀၂၂)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်စိုးစန္ဒာအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/green-gram-price-escalating-after-china-reopens-border-posts/#article-title

### ပြည်တွင်းပြည်ပဝယ်လိုအားကြောင့် ဆန်ကွဲဈေးနှုန်းမြင့်တက်လျက်ရှိခြင်း

- ❖ ပြည်တွင်းနှင့် ပြည်ပကုန်သည်ကြီးများ၏ ဝယ်လိုအားကောင်းမှုကြောင့် ဆန်ကွဲဈေး မြင့်တက်နေကြောင်း ဘုရင့်နောင်ဆန် လက်ကားစင်တာမှ အတွင်းရေးမှူးဖြစ်သူဦးသန်းဦး၏ ပြောကြားချက်အရသိရှိရကြောင်း၊
- ❖ တင်ပို့သူများ၊ ပြည်တွင်း ဘီယာချက် စက်ရုံများနှင့် တိရိစ္ဆာန် အစာထုတ်စက်ရုံများ၏ အပြိုင်အဆိုင် ဝယ်ယူမှုများကြောင့် ဆန်ကွဲဈေးနှုန်း မြင့်တက်လာကြောင်း၊ ဆန် နှင့် ဆန်ကွဲ ဈေးနှုန်းမှာတစ်ပြည်လျှင် (၂၀၀-၃၀၀) ကျပ်သာ ကွာခြားမှုရှိကြောင်း၊
- ❖ လက်ရှိတွင် ဆန်အကျိုးအကြေဈေးနှုန်းမှာ ၁၀၈ပေါင် အိတ်တစ်အိတ်လျှင် ကျပ်ငွေ (၂၇,၀၀၀)မှ (၃၀,၀၀၀) အတွင်းရှိကြောင်း၊ ဆန်ကွဲဈေးနှုန်းသည် ပြည်ပဈေးကွက်များသို့တင်ပို့သော အရည်အသွေးနိမ့် ဆန်ဈေးနှုန်းနှင့် သိသိသာသာကွာခြားမှုမရှိကြောင်း၊ ထို့အပြင် ဘုရင့်နောင်ဆန်လက်ကားစင်တာသို့ ဆန်နှင့် ဆန်ကွဲ အိတ်ပေါင်း (၆၀၀,၀၀၀)ခန့် နေ့စဉ် ဝင်ရောက်နေပြီး ၎င်းတို့ထဲမှ တစ်ဝက်မှာ ဆန်ကွဲအိတ်များဖြစ်ကြောင်း ဦးသန်းဦး၏ ပြောကြား ချက်အရသိရှိရကြောင်း၊
- ❖ လွန်ခဲ့သည့် ဧပြီလတွင်မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲ တန်ချိန်ပေါင်း (၁၇၀,၀၀၀)တန်၊ ခန့်မှန်းတန်ဖိုးငွေ အမေရိကန်ဒေါ်လာ (၅၈.၉၃၃)သန်းတန်ဖိုးဖြင့် ကုန်သွယ်ဖက် နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း၊
- ❖ ၎င်းတို့ထဲမှ ကန်ဒေါ်လာ(၁၅.၆၂၇)သန်း တန်ဖိုးရှိ ဆန်ကွဲ တန်ချိန်ပေါင်း (၅၀,၅၃၀)တန်ကို ပင်လယ်ရေကြောင်းမှတစ်ဆင့် ကုန်သွယ်ခဲ့ပြီး တရုတ်သို့ တန်ချိန် (၁,၆၂၀)နှင့် ထိုင်းနိုင်ငံသို့ တန်ချိန် (၃၂၀)၊ ကန်ဒေါ်လာ (၀.၅၉၈)သန်း တန်ဖိုးရှိ စုစုပေါင်း ဆန်ကွဲတန်ချိန် (၁,၉၄၀)တန်ကိုအိမ်နီးချင်းနိုင်ငံများသို့တင်ပို့ခဲ့ကြောင်း၊
- ❖ ယခင်လက မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန်ပေါင်း (၁၈,၂၀၀)ခန့်၊ ဘယ်လ်ဂျီယံသို့ တန်ချိန်ပေါင်း(၃၀,၆၀၀)၊ လစ်သူယေးနီးယားသို့ တန်ချိန်ပေါင်း (၁,၀၀၀)၊ ပိုလန်သို့ တန်ချိန်ပေါင်း (၅၀၀)၊ စင်္ကာပူသို့ တန်ချိန်ပေါင်း (၁၈၀)နှင့် ဂျာမနီသို့ တန်ချိန်ပေါင်း (၅၀) အသီးသီးတင်ပို့ခဲ့ကြောင်း၊
- ❖ ထို့အပြင် မြန်မာနိုင်ငံမှ ပြည်ပဈေးကွက်သို့ ကန်ဒေါ်လာ (၄၁.၂၉၈)သန်းတန်ဖိုးရှိ ဆန်တန်ချိန်ပေါင်း (၁၁၉,၂၆၀) ကျော် တင်ပို့ခဲ့ပြီး နယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ(၁.၄၁၀)တန်ဖိုးရှိ ဆန်တန်ချိန် (၄,၁၈၀)ကျော် တင်ပို့ခဲ့ကြောင်း၊
- ❖ အာရှနိုင်ငံများသို့ ဆန်တန်ချိန်ပေါင်း (၂၆,၉၄၀) တင်ပို့ခဲ့ပြီး ဥရောပနိုင်ငံများသို့ တန်ချိန် ပေါင်း (၄၉,၇၂၀)နှင့် အာဖရိကနိုင်ငံများသို့ တန်ချိန်ပေါင်း (၄၂,၆၀၀) တင်ပို့ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အဓိကအားဖြင့် အိုင်ဗရီကိုစ်နိုင်ငံသို့ ဆန်တန်ချိန်ပေါင်း (၁၀,၀၀၀)၊ ကင်မရွန်းနိုင်ငံသို့ တန်ချိန်ပေါင်း (၉,၀၀၀)၊ Angolaနိုင်ငံသို့ တန်ချိန်ပေါင်း(၁၅,၀၀၀)၊ Madagascar နိုင်ငံသို့ တန်ချိန်ပေါင်း (၈,၅၀၀)၊ တရုတ်နိုင်ငံသို့ တန်ချိန်ပေါင်း (၁၄,၃၀၀)၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန်ပေါင်း (၁၂,၂၀၀)၊ သီရိလင်္ကာနိုင်ငံသို့ တန်ချိန်ပေါင်း (၂၅၀)နှင့် ဟောင်ကောင်နိုင်ငံသို့ တန်ချိန်ပေါင်း (၁၈၀) တင်ပို့ခဲ့ကြောင်း၊
- ❖ ဥရောပအဖွဲ့ဝင်နိုင်ငံများဖြစ်သော ပိုလန်နိုင်ငံသို့တန်ချိန်ပေါင်း (၈,၈၀၀)၊ လစ်သူယေးနီးယားနိုင်ငံသို့ တန်ချိန်ပေါင်း (၈,၂၀၀)၊ အီတလီနိုင်ငံသို့ တန်ချိန်ပေါင်း (၈,၆၉၀)၊ စပိန်နိုင်ငံသို့ တန်ချိန်ပေါင်း (၁၅,၁၈၀)၊ ဘူဂေးရီးယားနိုင်ငံသို့ တန်ချိန်ပေါင်း (၇,၇၅၀)နှင့် ဘယ်လ်ဂျီယံ နိုင်ငံသို့ တန်ချိန်ပေါင်း (၇၀၀)တင်ပို့ခဲ့ပါကြောင်း (၁.၆.၂၀၂၂)ရက်နေ့တွင် ထုတ်ဝေခဲ့သော The Global New Light of Myanmar ၏သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/domestic-foreign-demand-drive-broken-rice-price-up/

### သကြားတစ်ပိဿာလျှင် (၂,၂၀၀)ကျပ်နှုန်းဖြင့် စံချိန်တင်မြင့်တက်ခဲ့ခြင်း

- ✓ ပြည်တွင်းသကြားစက်များသည် ယခုနှစ်ကုန်တွင်စတင်လည်ပတ်မည်ဖြစ်သောကြောင့် သကြားရာသီ အသစ်ကာလအတွက် အချိန်အတော်ကြာမည် ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့သကြားတင်ပို့မှုကျဆင်းခြင်းသည်လည်း ဈေးနှုန်း မြင့်တက်မှုကိုဖြစ်စေသော အကြောင်းရင်းတစ်ခုဖြစ်ပြီး ဈေးနှုန်းကျဆင်းရန်မဖြစ်နိုင်ကြောင်းပြည်တွင်း သကြားထုတ်လုပ်သူများမှ ခန့်မှန်းထားကြောင်း၊
- ✓ သကြား လက်ကားဈေးသည် (၂၀၁၀)ခုနှစ်နှောင်းပိုင်းတွင် တစ်ပိဿာလျှင် ကျပ် (၁,၇၅၀)အထိ မြင့်တက်ခဲ့ပါကြောင်း၊ (၂၀၂၂)ခုနှစ် မေလ(၃၁)ရက်နေ့တွင် သကြားဈေးနှုန်းသည်(၂,၂၀၀)ကျပ်အမြင့်ဆုံးသို့ရောက်ရှိခဲ့ပါကြောင်း ဘုရင့်နောင်သကြားကုန်စည်ဒိုင်မှ သိရှိရပါသည်။ ရန်ကုန်တွင် ပြည်တွင်းသကြား အမှတ်တံဆိပ်များသည် တစ်ပိဿာလျှင် (၂,၁၄၀-၂,၂၀၀)ကျပ် လက်ကားဈေးဖြင့် ရောင်းချလျက်ရှိပါသည်။ လွန်ခဲ့သည့် နှစ်များအတွင်း COVID-19 ကြောင့် သကြားဈေးကွက် ကျဆင်းလာသဖြင့် ကြံစိုက်ဧကများ လျော့နည်းခဲ့သော်လည်း ယခုနှစ်တွင် ကြံစိုက်ဧက ပိုများလာကြောင်း၊ ဒီဇင်ဘာလလယ်တွင် ကြံလုပ်ငန်း စတင် ခဲ့ပြီး ကြံရာသီချိန်ကာလမှာ မပြီးဆုံးသေးပါ။ သကြား တန်ချိန်(၄၄၀,၀၀၀)ခန့်ဈေးကွက်အတွင်းသို့ ဝင်ရောက်မည်ဟုဈေးကွက်လေ့လာသူများမှ ခန့်မှန်းထားကြောင်း၊
- ✓ မန္တလေးသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းမှနေ့စဉ်ထုတ်ပြန်သည့် ဈေးနှုန်းအချက်အလက်များအရ သကြားဈေးသည် မေလ(၂၈)ရက်နေ့၌ ကျပ်(၁,၇၀၀) နှင့် (၂,၁၀၀)အကြား ပေါက်ဈေးရှိပြီး သကာရည်ဈေးနှုန်းမှာ ကျပ်(၆၀၀) မှ (၁,၅၂၀) သာရှိကြောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသော သကြားများကို ရန်ကုန်သို့သယ်ယူရောင်းချသောအရောင်းကိုယ်စားလှယ်များအနေဖြင့် စီးပွားရေး ထွက်ခြေကိုက်မှုမရှိကြောင်း ညောင်ပင်လေးဈေးအတွင်း သကြားရောင်းချသူ ကိုကြည်လွင်မှ ပြောကြားခဲ့ကြောင်း၊
- ✓ နှစ်စဉ် မုတ်သုံရာသီတွင်သကြားဈေးအေးနေတတ်သော်လည်း အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင် ကျပ်ငွေတန်ဖိုး

ကျဆင်းသွားသဖြင့် သကြားဈေး မြင့်တက်ခဲ့ပါသည်။ ယခုနှစ် ကုန်ဈေးနှုန်းများသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက မြင့်တက်လာကြောင်း၊ ရန်ကုန်မြို့ရှိ ဈေးဝယ်စင်တာများတွင် သကြား(၄၀၀)ဂရမ်ပါအိတ် တစ်အိတ်လျှင် (၈၀၀) ကျပ် နှင့် တစ်ပိဿာ(၁၆၆၀ဂရမ်)လျှင် (၃,၂၀၀)ကျပ်ရှိ ကြောင်း၊

- ✓ ယခုနှစ်တွင် ကြံဈေးသည် တစ်တန်လျှင် ပျမ်းမျှ (၆၆၀,၀၀) ကျပ်သို့ မြင့်တက်လာကြောင်း၊ မြန်မာနိုင်ငံသည် ပြည်ပဈေးကွက်မှ သကြားတင်သွင်းခွင့်နှင့် နယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ ပြန်လည်တင်ပို့ခွင့်ပြုခဲ့သည့် အချိန်တွင် လက်ကားဈေးမှာ တစ်ပိဿာလျှင် (၁,၆၀၀)ကျပ်သာရှိကြောင်း၊ ပြန်လည် တင်ပို့ခြင်းကို တားမြစ်လိုက်သောအခါ လက်ကားဈေးသည် (၂၀၁၈)နှစ်အလယ်ပိုင်းမှစ၍ (၂၀၂၁) ခုနှစ် အစောပိုင်းကာလအတွင်း တစ်ပိဿာလျှင် (၉၀၀)ကျပ်သာရှိခဲ့ကြောင်း၊ (၂၀၂၁)ခုနှစ် ဇန်နဝါရီလလယ်ပိုင်းမှ စတင်၍ အမေရိကန်ဒေါ်လာနှင့်ယှဉ်လျှင် ကျပ်ငွေတန်ဖိုးကျဆင်းလာကာ တစ်ပိဿာလျှင် (၁,၀၀၀) ကျပ်အထက် အထိ မြင့်တက်ခဲ့ကြောင်း၊ (၂၀၂၁)ခုနှစ် စက်တင်ဘာလ နှောင်းပိုင်းတွင် ဝယ်လိုအား များလာခြင်းကြောင့် တစ်ပိဿာလျှင် (၁,၈၀၀)ကျပ်အထိ မြင့်တက်ခဲ့ကြောင်း၊ ဇန်နဝါရီ လကုန်တွင် (၂,၀၅၀)ကျပ်နှင့် ဧပြီလကုန်တွင် (၂,၁၅၀)ကျပ်ဖြင့် တဖြည်းဖြည်းဈေးတက်လာကြောင်း၊ ဈေးနှုန်းသည်အတက်ဈေးဖြင့် ဆက်လက်တည်ရှိနေပြီး (၂၀၂၂)ခုနှစ် မေလကုန်တွင် (၂,၂၀၀) ကျပ်အထိရှိခဲ့ကြောင်း၊
- ✓ သကြားဈေးများ မြင့်တက်လာခြင်းသည် ကြံစိုက်ပျိုးသူများ၏ စိတ်ဝင်စားမှုကို တိုးလာစေကြောင်း၊ ပြည်တွင်း သကြားပြုပြင်ထုတ်လုပ်သည့် စက်ရုံအများစု မှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင်ရှိကြောင်း၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း စက်ရုံများတည်ရှိကြောင်း၊ ကမ္ဘာ့သကြားဈေးနှုန်း တစ်ပေါင်လျှင် အမေရိကန်ဒေါ်လာ(၀.၁၉)မှ (၀.၂၀) ကြားရှိကြောင်း (တစ်ပိဿာ ၃.၆ ပေါင်နှင့်ညီမျှ)၊ လက်ရှိတွင် မြန်မာနိုင်ငံမှ သကာရည်များကို နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ဗီယက်နမ်နိုင်ငံသို့လည်း တင်ပို့လျက်ရှိကြောင်း (၄.၆.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့ သော The Global New Light of Myanmar ၏ သတင်းအချက် အလက်များအရ သိရှိရပါသည်။

ဒေါ်ဧကရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/sugar-price-hit-record-high-of-k2200-per-viss/#article-title

## မြန်မာ့စိန်တလုံးသရက်သီးကို စင်ကာပူနိုင်ငံသို့ လေကြောင်း၊ ရေကြောင်းဖြင့် တင်ပို့လျက်ရှိခြင်း

- မြန်မာနိုင်ငံသည် စိန်တလုံးသရက်သီးကို စင်ကာပူနိုင်ငံသို့ လေကြောင်းနှင့် ရေကြောင်း ပို့ဆောင်ရေးကို အသုံးပြု၍ တင်ပို့လျက်ရှိကြောင်း၊ ရေကြောင်းပို့ဆောင်ရေးသည် စရိတ်သက်သာသော်လည်း အနည်းဆုံး တစ်ပါတ်ခန့်ကြာမြင့်ကြောင်း၊ ယခင်တင်ပို့မှုများတွင် ပင်လယ်ရေကြောင်းဖြင့်ပို့သော ကုန်စည်များသည် အသီးအရည်အသွေးကျဆင်းပြီး ဈေးကွက်သို့ တင်ပို့နိုင်ခြင်းမရှိသည်ကိုကြုံတွေ့ရကြောင်း မြန်မာ့ သရက်သီးဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အသင်း(မန္တလေး)၏ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်၏ ပြောကြားချက်အရ သိရှိရကြောင်း၊
- ထို့အပြင် သရက်သီးစိုက်ပျိုးသူများသည် စိုက်ပျိုးရေးသွင်းအားစု ကုန်ကျစရိတ်များကို လျှော့ချလိုက်ခြင်းကြောင့် ယခုသရက်သီးရာသီတွင် အသီးအရည်အသွေးကျဆင်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် အချို့သောသရက်သီးများသည် ရိတ်သိမ်းချိန်နောက်ပိုင်းဖြစ်သော ရောဂါများဖြစ်သည့် မှည့်ပျောက်စွန်းရောဂါနှင့် ညှာရင်းပုပ်ရောဂါများရှိနေကြောင်း၊
- မြန်မာနိုင်ငံမှ စိန်တလုံးသရက်သီးကို လွန်ခဲ့သော လေးငါး နှစ်ကျော်မှစ၍ တင်ပို့ခဲ့ကြောင်း၊ ဈေးကွက် ကောင်းမွန်ကြောင်း၊ သို့သော်လည်း ဈေးကွက်သည် ရေကြောင်းကုန်သွယ်မှုနှင့် စိန်ခေါ်မှုအချို့ ရှိနေဆဲဖြစ်ကြောင်း၊ စိန်တလုံးသရက်သီး တစ်ကီလိုဂရမ်ကို အစောပိုင်းတွင် စင်ကာပူဒေါ်လာ (၆)ဒေါ်လာဖြင့် ကမ်းလှမ်းခဲ့ကြောင်း၊
- စိန်တလုံးသရက် လက်ရှိပေါက်ဈေးမှာ တရုတ်နှင့်နယ်စပ်ကုန်သွယ်ရေးတွင် ၁၆ ကီလို ဂရမ် ခြင်းတစ်ခြင်းလျှင် ယွမ်(၁၄၀)အထိတန်ဖိုးရှိကြောင်း၊ အရည်အသွေးနိမ့်အသီးများအတွက်ယွမ်(၁၀၀)အောက်သာရှိကြောင်း၊
- မြန်မာနိုင်ငံတွင် သရက်သီးမျိုးစိတ် (၂၀၀) ခန့်ရှိသည့်အနက် စိန်တလုံး၊ ရွှေဟင်္သာ၊ ပတ္တမြားငမောက်၊ ရင်ကွဲနှင့် မချစ်စု သရက်မျိုးများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်း၊နိုင်ငံခြားဈေးကွက် သည် စိန်တလုံးသရက်မျိုးကို ပိုပြီးကြိုက်နှစ်သက်ကြောင်း
- ဧရာဝတီတိုင်းဒေသကြီးသည် သရက်စိုက်ဧက အများဆုံးဖြစ်ပြီး ဧက (၄၆,၀၀၀) ခန့်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးသည် ဧက (၄၃,၀၀၀)ဖြင့် ဒုတိယ အများဆုံးဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဧက (၂၉,၀၀၀) ခန့်ရှိကြောင်း၊ ကရင်ပြည်နယ်တွင် ဧက(၂၄,၀၀၀)ကျော်၊ ရှမ်းပြည်နယ် တွင် ဧက(၂၀,၄၀၀)ကျော်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဧက(၂၀,၀၀၀)ကျော်ရှိကြောင်းကို မြန်မာ့သရက်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း၏အချက်အလက်များအရ(၆-၆၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော The Global New Light of Myanmar ၏ သတင်းဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်လင်းလဲ့ရည်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.gnlm.com.mm/myanmar-conveying-seintalone-mango-to-singapore-by-air-maritime-transport/

# ပြည်ပသတင်းများ

## အိန္ဒိယအစိုးရသည် ပြည်ပတင်ပို့မှုများကို ကန့်သတ်ပိတ်ပင်ပြီးနောက်ပိုင်းဂျုံတင်ပို့မှုကို ပမာဏအနည်းငယ်သာခွင့်ပြု

- ❖ အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်လတွင် ပြည်ပတင်ပို့မှုအများစုအား ပိတ်ပင်တားမြစ်ပြီးနောက် ဂျုံတန်ချိန် (၄၆၉,၂၀၂)အား တင်ပို့ရန် ခွင့်ပြုထားသော်လည်း ဆိပ်ကမ်းများတွင် အနည်းဆုံးဂျုံတန်ချိန် (၁.၇)သန်း တည်ရှိနေပြီး မုတ်သုံမိုးရွာသွန်းမှုကြောင့် ပျက်စီးသွားနိုင်ကြောင်း အစိုးရနှင့် စက်မှုလုပ်ငန်းမှ အရာရှိများ၏ပြောကြားချက်အရ သိရှိရကြောင်း၊
- ❖ အဓိကအားဖြင့် ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်၊ တန်ဇန်နီးယား နှင့် မလေးရှားနိုင်ငံများသို့ တင်ပို့မှုကိုခွင့်ပြုထားကြောင်း အစိုးရအကြီးတန်းအရာရှိတစ်ဦးမှ ပြောကြားခဲ့ကြောင်း၊ ဧပြီလတွင် စံချိန်တင် ဂျုံတင်ပို့မှုတန်ချိန် (၁.၄၆)သန်း ပမာဏရှိခဲ့ရာမှ ပိတ်ပင်တားမြစ်မှုကြောင့် မေလတွင် အိန္ဒိယဂျုံတင်ပို့မှုသည် တန်ချိန်(၁.၁၃)သန်းသို့ ကျဆင်းသွားခဲ့ကြောင်း၊
- ❖ ကမ္ဘာ့ဒုတိယ အကြီးဆုံး ဂျုံစိုက်ပျိုး ထုတ်လုပ်သည့် အိန္ဒိယနိုင်ငံတွင် အပူလှိုင်းဖြတ်မှုကြောင့်ဂျုံအထွက်နှုန်းကျဆင်းပြီး ပြည်တွင်းဂျုံဈေးနှုန်းသည် စံချိန်တင်မြင့်တက်ခဲ့၍ မေလ (၁၄)ရက်နေ့တွင် ဂျုံတင်ပို့မှုအပေါ် ပိတ်ပင်တားမြစ်မှု ပြုလုပ်ခဲ့ကြောင်း၊ ခြွင်းချက်အနေဖြင့် စားနပ်ရိက္ခာဖူလုံမှု လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ဂျုံတင်ပို့ရန် တောင်းဆိုထားသော နိုင်ငံများနှင့် ငွေပေးချေထားပြီးဖြစ်သော မှာယူမှုများအား တင်ပို့ခွင့်ပြုထားပါသည်။ သို့သော် ဂျုံအချို့အားတင်ပို့ပြီးနောက်တွင် ဆိပ်ကမ်းအသီးသီး၌ အနည်းဆုံး ဂျုံတန် ချိန် (၁.၇) သန်းရှိနေဆဲဖြစ်ကြောင်း၊
- ❖ ဂျုံတင်ပို့မှုပိတ်ပင်တားမြစ်မှု မပြုလုပ်မီတွင် ယူကရိန်းစစ်ပွဲကြောင့် ဆုံရှုံးသွားသော ပင်လယ်နက် ကုန်သွယ်မှုကိုအစားထိုးရန် အိန္ဒိယအစိုးရသည် တင်ပို့သူများအားအားပေးခဲ့ခြင်း နှင့် ဂျုံအထွက်နှုန်းလည်း ကောင်းမွန်မည်ဟု မျှော်လင့်ထားသည့်အတွက် တင်ပို့သူများသည် ပုံမှန်အတိုင်းမဟုတ်ဘဲ ဆိပ်ကမ်းများသို့ ဂျုံပမာဏများစွာအား ရွှေ့ပြောင်းထားကြကြောင်း၊
- ❖ နယူးဒေလီသည် ပြီးခဲ့သည့်နှစ် ဂျုံတင်ပို့မှုတန်ချိန် (၇.၂) သန်းနှင့်နှိုင်းယှဉ်ပါက ယခုနှစ် တွင် ဂျုံတန်ချိန်(၈) သန်းမှ (၁၀)သန်း (သို့မဟုတ်) ၎င်းထက်ပို၍ တင်ပို့ခွင့်ပြုရန် မျှော်မှန်း ထားကြောင်း၊
- ❖ ဆိပ်ကမ်းများတွင် ရှိသောဂျုံများ ပျက်စီးဆုံးရှုံးနိုင်ဖွယ်ရှိပြီး မုတ်သုံမိုးဒဏ်ကို ခံနိုင်ရည် မရှိသည့်အတွက် အစိုးရသည် ပြည်ပသို့ ဂျုံများတင်ပို့ရန် ခွင့်ပြုချက်များ ချက်ချင်း ထုတ်ပြန်ပေးရန်လိုအပ်ကြောင်း နယူးဒေလီ အခြေစိုက် ကမ္ဘာ့ကုန်သွယ်မှုကုမ္ပဏီတစ်ခုမှ ကုန်သည်တစ်ဦးမှ ပြောကြားခဲ့ကြောင်း၊
- ❖ အစိုးရသည် စားနပ်ရိက္ခာဖူလုံစေရန်ဂျုံတင်ပို့မှုအားပိတ်ပင်တားမြစ်ခဲ့သော်လည်း သဘာဝဘေးဒဏ်ကြောင့် ဂျုံများ ပျက်စီးဆုံးရှုံးခဲ့ပါက မည်သည့် အကြောင်းပြချက်နှင့်မျှ ကုစားပေးနိုင်မည် မဟုတ်ကြောင်း၊
- ❖ ဂျုံများကိုဆိပ်ကမ်းများမှ ပြည်တွင်းစားသုံးရန်အတွက် မြို့တွင်းသို့ ပြန်လည် သယ်ဆောင်ပါက ကုန်သည်များသည် ကုန်တင်ကုန်ချစရိတ်နှင့် သယ်ယူပို့ဆောင်စရိတ်များအတွက် ပိုမိုဆုံးရှုံးမှုများရှိနိုင်သောကြောင့် အဆင်မပြေနိုင်ကြောင်း မွန်ဘိုင်းအခြေစိုက် ကုန်သည်မှပြောကြား ခဲ့ကြောင်းနှင့် နှစ်နိုင်ငံအစိုးရအကြားရှိသဘောတူညီချက်များအရ အစိုးရသည် ဆိပ်ကမ်းများတွင်ရှိသော ဂျုံများအား တင်ပို့ခွင့်ပြုသင့်ကြောင်း၊
- ❖ အိန္ဒိယနိုင်ငံသည် စားနပ်ရိက္ခာမလုံလောက်မှုနှင့်ရင်ဆိုင်နေရသာနိုင်ငံများစွာမှ ဂျုံတန်ချိန်( ၁.၅)သန်း အထက် တင်ပို့ရန် ကမ်းလှမ်းမှုများ ရရှိခဲ့ကြောင်း (၂.၆.၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော www.ndtv.comကွန်ယက်

၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်နွေးနွေးအောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.ndtv.com/business/after-ban-government-allows-small-quantity-of-wheat-for-export-3031638

## ဈေးကွက်မတည်ငြိမ်မှုကြောင့် ဝါဈေးနှုန်းများကျဆင်း

- ပန်ဂျပ်နှင့် Sindh တွင် ဝါဂွမ်းနှုန်းသည်တစ်မောင့် (one mound) လျှင် ရူပီး (၂၁,၀၀၀) မှ (၂၂,၀၀၀)ကြား ရှိကြောင်း၊ ဝါဂွမ်းဈေးနှုန်းများမှာ နှစ်ရက်အတွင်း ရူပီး (၁,၅၀၀) ကျဆင်းခဲ့ကြောင်း၊ တန်ဒိုအာဒမ်နှင့် ဟိုက်ဒရာဘတ်တို့မှ ဝါဘေထုပ်ပေါင်း (၆၀၀)ကို တစ်မောင့်လျှင် ရူပီး (၂၄,၀၀၀)ဖြင့် ရောင်းချခဲ့ကြောင်း အိန္ဒိယနိုင်ငံဝါသုတေသီ Naseem Usman ၏ ပြောကြားချက်အရ သိရှိရပါကြောင်း၊ (၁ ဘေထုပ် = ၄၈၀ပေါင်) (၁မောင့်= ၃၇ ကီလိုဂရမ်)
- (၁၁)နှစ်အတွင်း ဝါကြိုရောင်းကြိုဝယ်ဈေးကွက် စံချိန်စံညွှန်းသည် နှစ်ဆနီးပါး အမြင့်ဆုံးသို့ မြင့်တက်လာပြီး အာရှအဝတ်အထည် ထုတ်လုပ်သူများကို ရိုက်ခတ်စေကြောင်း၊ အာရှရှိ အထည်ချုပ်လုပ်ငန်းရှင်များအတွက် ဆုံးရှုံးမှုများ မြင့်မားလာပြီး အချို့သော အသေးစားဝါလုပ်ငန်းရှင်များသည် လုပ်ငန်းလည်ပတ်မှုကို ဆိုင်းငံ့ထားခြင်းဖြင့် ထောင်ပေါင်း များစွာသော အလုပ်လက်မဲ့များကို ဖြစ်ပေါ်စေခြင်း၊ ကပ်ရောဂါဘေးမှ ပြန်လည်ကောင်းမွန်လာမှုကို ကြန့်ကြာစေခြင်း၊ မြင့်မားသောငွေကြေးဖောင်းပွမှုကို ရင်ဆိုင်နေရသော မူဝါဒချမှတ်သူများအတွက် စိန်ခေါ်မှု အသစ်တစ်ခုဖြစ်လာစေခြင်းစသည်တို့နှင့် ရင်ဆိုင်နေရပါသည်။ အချို့သော ချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းရှင်များသည် ဈေးနှုန်းသက်သာသော ဓါတုချည်မျှင်များကို ဝါချည်မျှင်များနေရာတွင် အစားထိုးလာကြကြောင်း၊
- စက်ရုံများသည် စွမ်းအားအပြည့် လည်ပတ်နေသော်လည်းအကျိုးအမြတ်များစွာ မရရှိကြောင်း ဒါကာအခြေစိုက် Sterling Group ၏ မန်နေဂျင်းဒါရိုက်တာ Siddiqur Rahman မှ ပြောကြားခဲ့ကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခကြောင့် ဥရောပမှ ဝယ်လိုအားအလား အလာများ မရေမရာဖြစ်လာပြီး ကမ္ဘာ့ထိပ်တန်း အဝတ်အထည်တင်ပို့သည့် အာရှ၏ တရုတ်နှင့် ဘင်္ဂလားဒေ့ရှ် အထည်ထုတ်လုပ်သူများကို အခက်အခဲများ ဖြစ်စေကြောင်း၊
- ဘင်္ဂလားဒေ့ရှ်သည် ၎င်းထုတ်လုပ်သည့်အထည်များ၏ (၆၀)ရာခိုင်နှုန်းကျော်ကို ဥရောပသို့ တင်ပို့နေကြောင်း၊ ကမ္ဘာ့ထိပ်တန်းဝါဂွမ်းထုတ်လုပ်သည့် အိန္ဒိယနိုင်ငံတွင် များစွာသော အသေးစားအထည် ထုတ်လုပ်သူများသည် လွန်ခဲ့သော (၃)လခန့်က လက်ရှိ ဝါဈေးထက် သုံးပုံတစ်ပုံခန့်နည်းသည့် ဈေးနှုန်းဖြင့် မှာယူမှုများကို ဖြည့်ဆည်းပေးရန် ရုန်းကန်နေရကြောင်း၊ အသေးစား ဝါလုပ်ငန်းရှင်များသည် မှာယူမှုအသစ်များကို လက်မခံတော့ကြောင်းအိန္ဒိယအထည်အလိပ်အသင်း ဥက္ကဋ္ဌ Ashok Juneja မှ ပြောကြားခဲ့ကြောင်း၊
- အာရှ အထည်ချုပ်လုပ်ငန်းရှင်များသည် အသင့်ချုပ်အထည်များ တင်ပို့မှုအတွက် ဥရောပ နှင့် အမေရိကန်တို့အပေါ် အလွန်အမင်း မှီခိုနေရပါသည်။ ကမ္ဘာ့ကပ်ရောဂါဘေးမှ လွတ်မြောက်လာသောကြောင့် ပထမသုံးလပတ်တွင် ဝယ်လိုအားမြင့်တက်နေစဉ် တရုတ်နိုင်ငံ၏ လတ်တလောကိုဗစ်ကန့်သတ်ချက်များ၊ ရုရှား-ယူကရိန်းပဋိပက္ခနှင့် လောင်စာဆီ ဈေးနှုန်းများ မြင့်မားနေခြင်းတို့ကြောင့် ဝါဈေးကွက်အကျပ်အတည်း ဖြစ်စေခဲ့ကြောင်းကို (၄.၆.၂၀၂၂)တွင် ထုတ်ပြန်ခဲ့သော Business Recorder ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါ သည်။

ဒေါ်ဧကရီဝင်း၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.brecorder.com/news/40177730/prices-fail-to-resist-further-decline-on-cotton-market

## အင်ဒိုနီးရှားနိုင်ငံမှလွဲ၍ အခြားနိုင်ငံများမှ တင်သွင်းသော စားအုန်းဆီအပေါ် တွင် ထပ်တိုးအကောက်ခွန် (၂) ရာခိုင်နှုန်းကို ပါကစ္စတန်နိုင်ငံမှဖယ်ရှားခြင်း

- အင်ဒိုနီးရှားအစိုးရမှ စားအုန်းဆီတင်ပို့မှုကို ပိတ်ပင်ရန် (၂၀၂၂)ခုနှစ်၊ ဧပြီလ(၂၈)ရက် နေ့မှစ၍ တဖက်သတ်ဆုံးဖြတ်လိုက်ခြင်းကြောင့် စားအုံးဆီ ရောင်းလိုအားသည် သေချာရေရာ မှုမရှိကြောင်း စီးပွားရေးညှိနှိုင်းကော်မတီ (ECC)မှ အသိပေးခဲ့ကြောင်း၊
- ပါကစ္စတန်နိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီတင်သွင်းမှုအပေါ် မှီခိုနေရပြီး၊ (၈၅) ရာခိုင်နှုန်းကျော်တင်သွင်းနေရသည်ဟုစီးပွားရေးညှိနှိုင်းကော်မတီ(ECC) မှ ထပ်မံအတည်ပြုခဲ့ ကြောင်း၊
- အင်ဒိုနီးရှားအစိုးရသည် စားအုန်းဆီတင်ပို့မှု တားမြစ်ချက်ကို (၂၀၂၂)ခုနှစ် မေလ(၂၃) ရက်နေ့တွင် ရုတ်သိမ်းခဲ့ သော်လည်း တစ်ချိန်တည်းတွင် ပို့ကုန်လုပ်ငန်းရှင်များသည် ပြည်တွင်းဈေးကွက်အတွက် (၃၃)ရာခိုင်နှုန်း ရောင်းချရန်နှင့် ပို့ကုန်ခွင့်ပြုမိန့်ရရှိရန် လိုအပ်သည့် အခြေအနေများကို သတ်မှတ်ခဲ့ကြောင်း၊
- စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အဆိုအရ ယင်းအခြေအနေကြောင့် အင်ဒိုနီးရှားမှ စားအုန်းဆီ တင်ပို့ရာတွင် ကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အင်ဒိုနီးရှားမှလွဲ၍ အခြားအရင်းအမြစ်များမှ စားအုန်းဆီ တင်သွင်းရာတွင် လွယ်ကူချောမွေ့ စေရန်အတွက် လိုက်လျောညီထွေမှုရှိသည့် အကောက်ခွန်သက်သာခွင့်ပေးရန် စက်မှုနှင့်ထုတ်လုပ်မှုဝန်ကြီးဌာနမှ အဆိုပြုခဲ့ကြောင်း၊
- ပါကစ္စတန်နိုင်ငံတွင် ဝန်ကြီးချုပ်ဦးဆောင်သည့်လုပ်ငန်းအဖွဲ့အစည်းအဝေးများဖြစ်သော စားအုန်းဆီရောင်းချရေးဆိုင်ရာ လုပ်ငန်းအစည်းအဝေးများတွင် စားအုန်းဆီဈေးနှုန်းများမြင့်တက်မှုနှင့်ရောင်းလိုအား ပြတ်တောက်မှုဆိုင်ရာ ပြဿနာများကိုလည်း ဆွေးနွေးခဲ့ကြောင်း၊
- ပါကစ္စတန်သို့ (၂၀၂၂)ခုနှစ်၊ ဇွန်လ (၂၀)ရက်နေ့ထက်နောက်မကျစေဘဲ အစောဆုံး တင်ပို့နိုင်ရေးအတွက် စားအုန်းဆီ တင်သွင်းသူများအားတွန်းအားပေးရန် (အင်ဒိုနီးရှားနိုင်ငံမှအပ အခြားရင်းမြစ် အားလုံးအတွက်စားအုန်းဆီ တင်သွင်းမှုဆိုင်ရာ ထပ်တိုးအကောက်ခွန်(၂) ရာခိုင်နှုန်းကိုဖယ်ရှားရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ အဆိုပြုခဲ့ကြောင်း၊
- ❖ အင်ဒိုနီးရှားနိုင်ငံမှ ချမှတ်ထားသော တစ်ဖက်သတ်တင်ပို့မှု တားမြစ်မှုသည် WTO စည်းမျဉ်းများကို ချိုးဖောက်ခြင်းဖြစ်ပြီး အကယ်၍ အခြားသော အရင်းအမြစ်များမှ တင်သွင်းခြင်းမပြုလုပ်ပါက (၂၀၂၂)ခုနှစ် ဇွန်လ လယ်တွင် စားအုန်းဆီပြတ်လပ်သွားနိုင်ကြောင်း၊
- ❖ အဆိုပါ အကြပ်အတည်းအခြေအနေကြောင့် အင်ဒိုနီးရှားနိုင်ငံမှလွဲ၍ အခြားသော အရင်းအမြစ်များမှစားအုန်းဆီတင်သွင်းခြင်း၏ ကုန်ကျစရိတ်ကွာခြားမှုကိုလျော့ပါးစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ယာယီအကောက်ခွန်သက်သာခွင့် စီမံချက်ကို အဆိုပြုခဲ့ကြောင်း (၂.၆.၂၀၂၂) တွင် ထုတ်ပြန်ခဲ့သော Business Recorder ကွန်ယက်၏ သတင်းအချက်အလက်များအရ သိရှိရပါသည်။

ဒေါ်လင်းလဲ့ရည်အောင်၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.brecorder.com/news/40177295/excepting-indonesia-2pc-acds-removed-on-import-of-palm-oil

## ကမ္ဘောဒီးယားနိုင်ငံ Battambang ဒေသထွက် ဒူးရင်းသီးများကို တရုတ်နိုင်ငံမှ စိတ်ဝင်စားမှုရှိနေခြင်း

- အနာဂတ်တွင် တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံ Battambang ခရိုင်၏အနောက်တောင်ဘက်မှ ဒူးရင်းသီးများဝယ်ယူရန် တရုတ်နှင့် ထိုင်းကုမ္ပဏီများမှ ညှိနှိုင်းနေပြီး တောင်သူများ တိုးချဲ့စိုက်ပျိုးရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိပါကြောင်း၊
- ထိုင်းနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံသို့ ဒူးရင်းသီးတင်ပို့နိုင်မည့်အခွင့်အလမ်းများကို ရှာဖွေရန်အတွက်ကမ္ဘောဒီးယားနိုင်ငံ၊ Samloutခရိုင်ရှိ ဒူးရင်းစိုက်ပျိုးခြံများသို့ ထိုင်းနှင့် တရုတ်ကုန်သည်များကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခေါ်ဆောင်လာကြောင်း Samlout ဒူးရင်း စိုက်ပျိုးသည့်အသင်းအဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ Nay Chorn မှ ပြောကြားခဲ့ကြောင်း၊
- Samlout ဒူးရင်းသီးများ၏ အရသာနှင့်အရည်အသွေးသည် ထိုင်းဒူးရင်းသီးများထက် သာလွန်သည်ကို လုပ်ငန်းရှင်များမှ အသိအမှတ်ပြုကြောင်း သိရှိရပါသည်။ သို့သော်လည်း ဈေးနှုန်းညှိနှိုင်းနေဆဲဖြစ်သည့် အတွက် ဝယ်ယူမှုသဘောတူ လက်မှတ် မရေးထိုးကြသေးကြောင်း၊ Samlotခရိုင်တွင် စိုက်ပျိုးသူစုစုပေါင်း၏ စိုက်ပျိုးခြံ (၅၃၀)ဟက်တာမှ တစ်နှစ်လျှင် ဒူးရင်းတန်ချိန်ပေါင်း (၆၀၀၀)ခန့်ထွက်ရှိပြီး တန်ဖိုးအနေဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ (၃၀)သန်းရရှိကြောင်း၊
- ထိပ်တန်းဒူးရင်းသီး တစ်ကီလိုလျှင် (၅)ဒေါ်လာသတ်မှတ်ထားသည့်ဈေးနှုန်းကို ကုမ္ပဏီများမှ စဉ်းစားနေကြောင်း၊ ၎င်းတို့ဒူးရင်းသီးများသည် စိုက်ပျိုးရေးဝန်ကြီးဌာနမှ GAP အသိ အမှတ်ပြုလက်မှတ်များ ရရှိထားသည့်အတွက် ဈေးကွက်တွင်း ပြဿနာမရှိကြောင်း၊ Samlotမှ တင်ပို့ခွင့်မရသေးသော်လည်း ဒူးရင်း စိုက်ပျိုးသည့်အသင်းသည် ပြည်တွင်းဈေးကွက်ကို ချဲ့ထွင်ရန် ကြိုးစားနေပြီး ဒေသထွက်ဒူးရင်းများ၏ အရသာသည် ကမ္ဘောဒီးယားတွင် လူကြိုက်များသော Kampot ပြည်နယ်မှ ထွက်ရှိသည့် ဒူးရင်းသီးများထက် အရသာ မနိမ့်ကျစေရန် ထိန်းသိမ်းလျက်ရှိကြောင်း၊

- Battambang ခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာန၏ညွှန်ကြားရေးမှူး ChhimVachiraမှ တရုတ်နိုင်ငံမှရင်းနှီး မြှုပ်နှံသူများသည် ထူးခြားသည့် အရသာကြောင့် Samlot ဒူးရင်းသီးများကို စိတ်ဝင်စားကြကြောင်း၊ တရုတ်နိုင်ငံသို့ထိုင်းနိုင်ငံမှတစ်ဆင့် အအေးပုံးများဖြင့် တင်ပို့နိုင်ကြောင်း ၊ ဒူးရင်းသီးများကို ကမ္ဘောဒီးယားနိုင်ငံမှ တိုက်ရိုက် တင်ပို့ခွင့် မရှိသောကြောင့် ထိုင်းနိုင်ငံမှတဆင့် တရုတ်နိုင်ငံသို့တင်ပို့မည်ဖြစ်ကြောင်း၊
- ကမ္ဘောဒီးယားသည် ထိုင်းနိုင်ငံကဲ့သို့ တရုတ်နိုင်ငံနှင့် တရားဝင်တင်ပို့သည့် သဘောတူညီချက်မရှိကြောင်း၊ သို့သော်လည်း တရုတ်ရင်းနှီးမြှုပ်နှံသူများ နှင့် ကမ္ဘောဒီးယား ဒူးရင်းစိုက် တောင်သူများကြား ညှိနှိုင်းဆွေးနွေးမှုသည် ဒူးရင်းစိုက်ပျိုးထုတ်လုပ်သူများအတွက် ကောင်းသောအလားအလာဖြစ်ကြောင်း၊ မကြာမီ နှစ်နိုင်ငံအကြား သဘောတူညီချက် တစ်ခုရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း၊ (၂၀၂၃)ခုနှစ်တွင် ဒူးရင်းစိုက်ပျိုးဟက်တာ(၇၀၀)အထိ တိုးချဲ့ရန်ရည်မှန်းထားကြောင်း၊
- တစ်ချိန်တည်းတွင် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီး VengSakhon မှကမ္ဘောဒီးယား ဒူးရင်းသီးများသည် ပြည်ပဈေးကွက် မရှိသေးသည့်အပြင် phytosanitary protocolအရ တရုတ်နိုင်ငံနှင့် တရားဝင်ဆွေးနွေးမှုများ မပြုလုပ်ရသေးကြောင်း၊ လက်ရှိတွင် အခြားနိုင်ငံသို့ ဒူးရင်းတင်ပို့မှု၏ စံနှုန်းသတ်မှတ် ချက်များဖြစ်သော အသီးခူးဆွတ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သန့်ရှင်းခြင်း၊ ထုပ်ပိုးမှုများနှင့် ပြည်တွင်းကုန်သည်များ၏ ထုပ်ပိုးမှုဆိုင်ရာလုပ် ဆောင်ချက်များ မရှိသေးကြောင်း၊
- Covid-19 ကူးစက်ရောဂါနှင့် ရုရှား-ယူကရိန်း ပဋိပက္ခများကြောင့် ကမ္ဘောဒီးယားမှ နိုင်ငံခြားဈေးကွက်သို့တင်ပို့ရာတွင် ကွန်တိန်နာငှားရမ်းခကဲ့သို့ ပို့ဆောင်ခများသည် သုံးဆမြင့်တက်လာကြောင်း (၈.၆.၂၀၂၂) ရက်နေ့တွင် ထုတ်ဝေခဲ့သော The Star ကွန်ရက်ဆောင်းပါးအရ သိရှိရပါသည်။

ဒေါ်မြတ်ဖူးငုံဦး၊ စိုက်ပျိုးရေးဦးစီးဌာန

Source: https://www.thestar.com.my/aseanplus/aseanplus-news/2022/06/08/china-keen-on-cambodia039s-battambang-durians

## ၂၀၂၂ ခုနှစ်၊ ဇွန်လပထမ (၁၅)ရက်အတွင်း ဆန်ဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၃၀ပိဿာ-တစ်တင်းခွဲ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | စစ်ကိုင်း | ရှောဝတီ |
| မနောသုခ | ၃၄၅၀၀ | ၄၅၀၀၀ | ၃၇၂၀၀ | ၄၂၀၀၀ | ၃၂၀၀၀ |
| ဆင်းသုခ | ၃၄၅၀၀ | ၄၅၀၀၀ | ၄၀၅၀၀ | ၄၁၅၀၀ | ၃၂၀၀၀ |
| ရှောမင်း | ၄၃၅၀၀ | ၄၅၀၀၀ | ၄၉၅၀၀ | ၅၄၀၀၀ | ၃၃၀၀၀ |
| ပေါ်ဆန်း | ၆၂၅၀၀ | ၆၀၀၀၀ | ၆၆၅၀၀ | ၅၈၀၀၀ | ၅၂၀၀၀ |

## ၂၀၂၂ ခုနှစ်၊ ဇွန်လပထမ(၁၅)ရက်အတွင်း စားသုံးဆီဈေးနှုန်းများ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ ပိဿာ) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | စစ်ကိုင်း |
| မြေပဲဆီ | ၁၁၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၉၀၀၀ |
| နှမ်းဆီ | ၁၁၀၀၀ | ၁၁၀၀၀ | ၉၂၀၀ | ၁၀၀၀၀ | ၉၀၀၀ |
| နေကြာဆီ | ၉၂၅၀ | ၁၁၀၀၀ | ၉၈၀၀ | ၉၀၀၀ | ၈၀၀၀ |
| စားအုန်းဆီ | ၉၀၀၀ | ၈၂၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၇၀၀ |

## ၂၀၂၂ ခုနှစ်၊ ဇွန်လပထမ (၁၅)ရက်အတွင်း စိုက်ပျိုးရေးသွင်းအားစုဈေးနှုန်းများ

### ဓါတ်မြေသြဇာ

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ အိတ်-၅၀ကီလို) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | ရန်ကုန် | မန္တလေး | မကွေး | ရှောဝတီ |
| **ယူရီးယား** | | | | | |
| - မြင်းပျံ | ၉၅၀၀၀ | ၉၈၀၀၀ | ၉၅၀၀၀ | ၉၆၅၀၀ | ၉၆၈၀၀ |
| - ရွှေတောင် | ၉၀၀၀၀ | ၉၈၀၀၀ | ၉၃၆၀၀ | - | ၉၅၀၀၀ |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၀၀၀ | ၉၅၀၀၀ | ၉၈၀၀၀ | ၉၇၀၀၀ |
| - ရွှေနဂါး | ၉၀၀၀၀ | ၉၇၀၀၀ | ၉၀၀၀၀ | - | ၉၉၀၀၀ |
| - ဝိစာရ | ၉၄၀၀၀ | ၉၅၀၀၀ | ၈၇၅၀၀ | - | ၉၇၀၀၀ |
| **တီစူပါ** | | | | | |
| - သံကွင်း | - | ၉၅၀၀၀ | ၈၂၀၀၀ | - | ၈၇၀၀၀ |
| - အာမို | ၉၀၀၀၀ | ၉၅၀၀၀ | ၉၅၀၀၀ | ၉၅၀၀၀ | ၉၀၀၀၀ |
| - ဩဘာ/ ကောမက် | ၈၅၀၀၀ | ၉၅၀၀၀ | ၉၃၀၀၀ | - | - |
| - ဝိစာရ | ၉၀၀၀၀ | ၉၅၀၀၀ | ၉၀၀၀၀ | - | - |
| **ပိုတက်ရှ်** | | | | | |
| - မာကိုတာ | - | ၈၉၀၀၀ | ၈၄၀၀၀ | ၇၃၀၀၀ | ၈၀၀၀၀ |
| - ဝိစာရ | - | ၈၃၀၀၀ | ၈၀၀၀၀ | - | - |
| - အာမို | ၈၅၀၀၀ | ၉၁၅၀၀ | ၉၀၀၀၀ | ၉၇၀၀၀ | ၈၂၀၀၀ |
| - ဩဘာ | - | ၈၇၀၀၀ | ၈၅၀၀၀ | - | - |
| **ကွန်ပေါင်း** | | | | | |
| - ဩဘာ/ ကောမက် | ၉၀၀၀၀ | ၉၈၀၀၀ | ၈၆၅၀၀ | ၉၅၀၀၀ | ၈၇၅၀၀ |
| - အာမို | ၉၇၀၀၀ | ၉၆၀၀၀ | ၉၁၀၀၀ | ၉၅၀၀၀ | ၈၇၅၀၀ |
| - ဝိစာရ | ၈၅၀၀၀ | ၉၈၀၀၀ | ၉၆၀၀၀ | - | - |
| - ရွှေနဂါး | ၈၈၀၀၀ | ၉၅၀၀၀ | ၈၅၀၀၀ | - | - |
| - သံကွင်း | ၉၈၀၀၀ | ၉၄၀၀၀ | ၈၅၀၀၀ | - | ၈၀၀၀၀ |

### စပါးမျိုးစေ့

| အမျိုးအမည် | ဈေးကွက်ပေါက်ဈေး (ကျပ်/ တင်း-၄၆ပေါင်) | | | | |
|---|---|---|---|---|---|
| | နေပြည်တော် | မန္တလေး | မကွေး | စစ်ကိုင်း | ရှောဝတီ |
| မနောသုခ | ၁၆၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ |
| ဆင်းသုခ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၁၃၀၀၀ |
| ရှောမင်း | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ပေါ်ဆန်း | ၁၉၀၀၀ | - | - | ၁၇၀၀၀ | ၁၅၀၀၀ |

## မြန်မာ့ပဲမျိုးစုံတင်ပို့မှုအခြေအနေ

၂၀၂၂ ခုနှစ် မေလတတိယပတ်နှင့် စတုတ္ထပတ်အတွင်း တင်ပို့မှုနှိုင်းယှဉ်ချက်

| ပဲမျိုးစုံ | ရေတွက်ပုံ | တင်ပို့မှု | | |
|---|---|---|---|---|
| | | မေလ တတိယပတ် | မေလ စတုတ္ထပတ် | အတိုး/ အလျှော့ |
| မတ်ပဲ | US$ | ၃.၅၆၇ | ၅.၆၈၂ | (+)၂.၁၁၅ |
| | ကီလို | ၄၁၇၂.၆ | ၆၈၂၂.၉၆ | (+)၂၆၅၀.၃၆ |
| ပဲတီစိမ်း | US$ | ၁၃.၉၆၁ | ၁၉.၆၈ | (+)၅.၇၁၉ |
| | ကီလို | ၁၇၉၆၀.၈၁၆ | ၂၅၄၇၅.၂၈၉ | (+)၇၅၁၄.၄၇၃ |
| ပဲတီစိမ်းလုံးခြမ်း | US$ | ၀.၁၂၉ | ၀.၁၅၈ | (+)၀.၀၂၉ |
| | ကီလို | ၁၃၅ | ၁၆၉ | (+)၃၄ |
| ပဲစဉ်းငုံ | US$ | ၀.၁၁ | ၀.၂၁ | (+)၀.၁ |
| | ကီလို | ၁၄၉ | ၂၅၉.၅ | (+)၁၁၀.၅ |
| ကုလားပဲ | US$ | ၂.၇၆၇ | ၂.၂၀၁ | (-)၀.၅၆၆ |
| | ကီလို | ၃၇၇၅.၅ | ၃၁၇၀ | (-)၆၀၅.၅ |
| ပဲလွန်းဖြူ | US$ | ၁.၀၂ | ၁.၀၂ | ၀ |
| | ကီလို | ၁၃၈၂.၅ | ၁၄၇၄.၆ | (+)၉၂.၁ |
| မြေထောက်ပဲ | US$ | ၁.၇၄၄ | ၂.၁၆ | (+)၀.၄၁၆ |
| | ကီလို | ၂၃၃၅.၄၁၁ | ၃၂၉၇.၆၄ | (+)၉၆၂.၂၂၉ |
| ထောပတ်ပဲ | US$ | ၁.၄၅ | ၁.၅၃ | (+)၀.၀၈ |
| | ကီလို | ၁၉၀၂.၃ | ၂၀၄၇.၂ | (+)၁၄၄.၉ |
| ပဲယင်း | US$ | ၁.၀၇၆ | ၁.၃၃၆ | (+)၀.၂၆ |
| | ကီလို | ၁၆၈၃.၉၅ | ၂၀၄၈.၂၅ | (+)၃၆၄.၃ |
| ပဲကြီး | US$ | ၀.၁၉၅ | ၀.၃၉၈ | (+)၀.၂၀၃ |
| | ကီလို | ၃၆၀.၈ | ၆၄၂.၄ | (+)၂၈၁.၆ |
| ပဲကတ္တီပါ (စွန်တာနီ) | US$ | ၀.၁ | ၀.၁ | ၀ |
| | ကီလို | ၁၂၅ | ၉၀ | (-)၃၅ |
| ပဲကတ္တီပါ (စွန်တာပြာ) | US$ | ၀.၀၉၃ | ၀.၀၇၁၀ | (-)၀.၀၂၂ |
| | ကီလို | ၁၆၄ | ၁၃၃ | (-)၃၁ |
| ပဲဖြူကလေး | US$ | ၀.၀၆ | ၀.၀၅ | (-)၀.၀၁ |
| | ကီလို | ၇၅ | ၇၅ | ၀ |
| ဘိုကိတ်ပဲ | US$ | ၀.၄၂၄ | ၀.၃၀၂ | (-)၀.၁၂၂ |
| | ကီလို | ၅၀၄ | ၄၄၆.၈ | (-)၅၇.၂ |
| ပဲနီကြား | US$ | ၀.၂၆၅ | ၀.၁၉ | (-)၀.၀၇၅ |
| | ကီလို | ၇၀၁ | ၄၈၄.၉ | (-)၂၁၆.၁ |
| နိုင်လွန်ပဲ | US$ | ၀.၁၅၂ | ၀.၀၂၆ | (-)၀.၁၂၆ |
| | ကီလို | ၂၂၂.၅ | ၃၄.၅ | (-)၁၈၈ |
| မြေပဲ (အခွံပါ) | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| မြေပဲဆံ | US$ | ၀ | ၀ | ၀ |
| | ကီလို | ၀ | ၀ | ၀ |
| အခြားပဲ | US$ | ၀.၀၄၇ | ၀.၀၆၈ | (+)၀.၀၂၁ |
| | ကီလို | ၇၂.၄၅ | ၁၄၀.၂၄ | (+)၆၇.၇၉ |
| စုစုပေါင်း | US$ | ၂၇.၁၅၆ | ၃၅.၁၅၂ | (+)၇.၉၉၆ |
| | ကီလို | ၃၅၇၂၁.၄၇၇ | ၄၆၈၁၀.၇၆၁ | (+)၁၁၀၈၉.၂၈၄ |

Source: ကုန်သွယ်ရေးဦးစီးဌာန၊ MOC မှ ကိန်းဂဏန်းများ အသုံးပြု၍ Trade Section, DoA မှ တွက်ချက်ဖော်ပြထားခြင်းဖြစ်ပါသည်။

**စိုက်ပျိုးရေးဈေးကွက်သတင်းလွှာ**

(Agriculture Market Bulletin)

Market Information System (MIS)

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်

"မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန် လိပ်စာတို့နှင့် အတူဈေးကွက်သတင်းအချက်အလက်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း-၀၆၇ ၃၄၁၀၅၃၈,Email:doamisppme@gmail.com